VERMONT
DEPARTMENT OF HEALTH

# Vermont ရှိ ဌာနေတိုင်းရင်းသားများ၏ ကျန်းမာရေးလိုအပ်ချက်များ

**မေလ၊ 2024 ခုနှစ်**

2024 ခုနှစ် ပြည်နယ်တွင်း ကျန်းမာရေးဆိုင်ရာ အကဲဖြတ်သုံးသပ်မှုသည် Vermont တွင် နေထိုင်သူများ၏ ကျန်းမာရေးနှင့် ကိုယ်စိတ်ချမ်းသာမှုတို့အကြောင်း ကျွန်ုပ်တို့သိရှိထားသည့်အရာများကို ခြုံငုံသုံးသပ်ထားခြင်းဖြစ်ပါသည်။ ဤဒေတာအကျဉ်းချုပ်တွင် Vermont ရှိ ဌာနေတိုင်းရင်းသားများ၏ ကျန်းမာရေးလိုအပ်ချက်များနှင့် အတွေ့အကြုံများအကြောင်း တွေ့ရှိချက်များကို ထင်ဟပ်ပြသထားပါသည်။ ၎င်းတွင် အများသူငှာဖတ်ရှုနိုင်သော အချက်အလက်များ၊ ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်းများအပြင် ရပ်ရွာမိတ်ဖက်များ၊ ကိုယ်တွေ့အတွေ့အကြုံများသော ကျွမ်းကျင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများမှ ရယူထားသော အချက်အလက်များ ပါဝင်သည်။

## အဓိက တွေ့ရှိချက်များ

**"နံပါတ်တစ် ဦးစားပေးက ကျွန်တော်တို့ရဲ့နဂိုပုံစံအတိုင်းနေနိုင်ဖို့ စိန်ခေါ်မှု ဖြစ်ပါတယ်။ လူသားတစ်ယောက်လို ရှုမြင်ခံရဖို့၊ အသိအမှတ်ပြုခံရဖို့နဲ့ လူရာသွင်းခံရဖို့...ဒါလောက်ပါပဲ။"**

- Abenaki လူမျိုးဝင် မျိုးနွယ်စုလေးမျိုးဖြစ်သည့် Missisquoi၊ Elnu၊ Nulhegan နှင့် Koasek တို့ကို ပြည်နယ်တစ်ဝန်းဒေတာတွင် **အမြဲတမ်းပင် ကိုယ်စားပြုဖော်ပြမှု နည်းပါးသည်။**

- ဒေတာကိုယ်စားပြုဖော်ပြမှု နည်းပါးရသည့် အကြောင်းရင်းများ-
    - **တညီတညွတ်တည်းလူမျိုးရေးခွဲခြားမှု**သည် လေ့လာမှုများတွင် လူဖြူမဟုတ်သောအုပ်စုများကို ဖယ်ကြဉ်မှုများ ဖြစ်ပေါ်စေသည်။
    - **အသိုင်းအဝိုင်းများကို အခြားနေရာများသို့ ပြန့်သွားစေသည့်** မြေယာခိုးယူမှုက ၎င်းတို့အားထည့်သွင်းနိုင်မှုကို ပိုမိုခက်ခဲစေသည်။
    - ရှည်လျားလှသော **လူသားသန့်ဗေဒ၊ အတင်းအကျပ် သားကြောဖြတ်စေခြင်းနှင့် လူမျိုးတုံး သတ်ဖြတ်ခြင်း**သမိုင်းမှတ်တမ်းအပြီးတွင် အဖွဲ့အစည်းများအပေါ် ဌာနေတိုင်းရင်းသားအဖွဲ့ဝင်များ၏ မွေးရာပါယုံကြည်မှုကင်းမဲ့ခြင်း။
    - **စွဲမြဲနေသောမျှော်လင့်ချက်ကင်းမဲ့မှု**ကြောင့် ဒေတာစုဆောင်းမှုတွင် ပါဝင်ရန် ဝန်လေးနေခြင်း။

**"ကျွန်တော်အပါအဝင် ဒေသခံတိုင်းရင်းသားတွေမှန်း တခြားသူသိသွားတာနဲ့ အလုပ်ပြုတ်သွားတဲ့သူတွေကို ကျွန်တော်သိပါတယ်။ လူဖြူဆိုတဲ့ အခွင့်ထူးကို ခံစားနိုင်မယ်ဆိုရင် ကျွန်တော့်ရဲ့ကလေးတွေကို ထိခိုက်နစ်နာအောင် ဘာလို့လုပ်နေတော့မှာတုန်းဗျာ။"**

- ဌာနေတိုင်းရင်းသား အိမ်ထောင်စုများအတွက် ပျမ်းမျှဝင်ငွေသည် 2022 **ခုနှစ်တွင်** $35,000 ရှိခဲ့သည်။ လူဖြူအိမ်ထောင်စုများ၏ ပျမ်းမျှဝင်ငွေမှာမူ $64,412 ရှိခဲ့သည်။

- **အမြဲတည်တံ့နေသည့် ခွဲခြားဆက်ဆံမှုသမိုင်းကြောင်း**နှင့်အတူ ယဉ်ကျေးမှု၊ ငွေရေးကြေးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အတားအဆီးများသည် ထောက်ပံ့ရေး ဝန်ဆောင်မှုများကို ဌာနေတိုင်းရင်းသားများ ရှောင်ရှားရခြင်း၏ အကြောင်းခံဖြစ်သည်။

- ဌာနေတိုင်းရင်းသားများ မပါဝင်သည့် သို့မဟုတ် လူများကို မိမိကိုယ်ကို ဌာနေတိုင်းရင်းသားအဖြစ် ခွဲခြားဖော်ထုတ်ရန် လိုအပ်စေသည့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်များသည် **ယဉ်ကျေးမှုဆိုင်ရာ သီးသန့်ထားမှု**ကို ဆက်လက်တည်တံ့နေစေသည်။

# Vermont ရှိ ဌာနေတိုင်းရင်းသားများ၏ ကျန်းမာရေးလိုအပ်ချက်များ

"လူတွေအတွက် အခြားကုထုံးရွေးချယ်စရာတွေ ရှိဖို့လိုအပ်တယ်၊ တေးဂီတ၊ အက၊ အနုပညာ၊ အထူးသဖြင့် ကျွန်တော်တို့လို ဌာနေတိုင်းရင်းသားတွေအတွက် အဲဒီလိုကုထုံးရှိဖို့ အရမ်းအရေးကြီးပါတယ်။"

- အလယ်တန်းနှင့် အထက်တန်းကျောင်းနေရွယ် ဌာနေတိုင်းရင်းသားကျောင်းသားများသည် **မျှော်လင့်ချက်မဲ့**သည်ဟု ခံစားရကြောင်း၊ **သေကြောင်းကြံစည်လိုသည့်အတွေးများ**ရှိကြောင်း အစီရင်ခံသည် သို့မဟုတ် Vermont ကျောင်းသားအားလုံးထက် **သေကြောင်းကြံစည်ရန် ကြိုးပမ်းမှု**နှုန်း ပိုမြင့်ကြသည်။

- ကျောင်းသားအားလုံး၏ အသက် 13 နှစ် မတိုင်မီ အရက်စမ်းသောက်မှု 13% နှင့် နှိုင်းယှဉ်ပါက ဌာနေတိုင်းရင်းသားကျောင်းသားများ၏ အရက်စမ်းသောက်မှုမှာ 26% ရှိပြီး **နှစ်ဆရှိသည်**။

- ဌာနေတိုင်းရင်းသားများအကြားတွင် နာတာရှည်ရောဂါ ဖြစ်ပွားမှုနှုန်းများသည် **အမြဲတစေ ပိုမြင့်သည်**။

| နာတာရှည်ရောဂါအခြေအနေ ပျံ့နှံ့မှုနှုန်းများ | COPD | ဆီးချိုသွေးချို | သွေးတိုး | နှလုံးသွေးကြောရောဂါ |
|---|---|---|---|---|
| Vermont ပြည်နယ်သားအားလုံး | 7% | 9% | 25% | 8% |
| **ဌာနေတိုင်းရင်းသားများ** | **13%** | **17%** | **30%** | **24%** |

- ဌာနေတိုင်းရင်းသားများအတွက် ဌာနေတိုင်းရင်းသားများ ပံ့ပိုးသည့် ပံ့ပိုးကူညီရေးဝန်ဆောင်မှုများသည် **ထောက်ပံ့ငွေ များများစားစားမရရှိဘဲ** ရှိပြီးသား ဝန်ဆောင်မှုစနစ်တွင် ပေါင်းစပ်ထည့်သွင်းထားခြင်းမရှိပါ။

- ပျံ့နှံ့နေသော **အစားအသောက်ဖူလုံရေး စိန်ခေါ်မှုများ**။ ဌာနေတိုင်းရင်းသားများ စီမံခန့်ခွဲသော ရပ်ရွာတွင်း စိုက်ပျိုးမွေးမြူရေးခြံများနှင့် အစားအသောက်ဝေငှသည့်နေရာများအတွက် ပိုမိုပံ့ပိုးကူညီပေးခြင်းဖြင့် ဤပြဿနာကို ဖြေရှင်းနိုင်ပါသည်။

- ရိုးရာကျန်းမာရေးစောင့်ရှောက်မှုပုံစံသည် **ဌာနေတိုင်းရင်းသား၏ သက်ဝင်ယုံကြည်မှု ဓလေ့များ**ကို ထည့်မတွက်သောကြောင့် ဌာနေတိုင်းရင်းသားများကို ထပ်မံဖယ်ကြဉ်ခံရစေသည်။

"ကျွန်တော်တို့ လုပ်သမျှတိုင်းက နောက်ထပ်မျိုးဆက်ခုနစ်ဆက်အတွက်ပါ။ မျိုးဆက်တစ်ဆက်စာ ဒါမှမဟုတ် တစ်နှစ်စာအတွက်ပဲ လုပ်တာမဟုတ်ပါဘူး…အမှန်တကယ်ပိုင်ဆိုင်ဖို့နဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ဖို့အတွက် ရေရှည်အကျိုးသက်ရောက်မှုတွေရယ်၊ အဲဒါက လူတွေကို ဘယ်လို ရေရှည် အထောက်အကူပြုမှာလဲဆိုတာရယ်ကို ကြည့်ပါတယ်။"

*အတူပူးပေါင်းဆောင်ရွက်သူ*

C4BHI

# Vermont ရှိ ဌာနေတိုင်းရင်းသားများ၏ ကျန်းမာရေးလိုအပ်ချက်များ

## ကိုးကားချက်များ-

- ကောင်တီ ကျန်းမာရေး အဆင့်သတ်မှတ်ချက်များ၊ Wisconsin တက္ကသိုလ် လူဦးရေကျန်းမာရေး အင်စတီကျု။ မှီငြမ်းစရာများတွင် ပါဝင်သည်များမှာ-
    - VT ကျန်းမာရေးဌာန လူဦးရေကျန်းမာရေးဆိုင်ရာ စစ်တမ်းများနှင့် အချက်အလက်များ
    - VT ပညာရေးဌာန အချက်အလက်နှင့် အစီရင်ခံခြင်း
    - VT ကင်ဆာရောဂါဆိုင်ရာ မှတ်တမ်းသွင်းရုံး
    - VT ရာဇဝတ်မှုဆိုင်ရာ သတင်းအချက်အလက်စင်တာ
    - VT ကျန်းမာရေးဌာန သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အချက်အလက်များ ခြေရာခံစနစ်
    - VT ပြည်နယ် အဝေးပြေးလမ်းမ ဘေးကင်းရေးရုံး
    - VT ကာကွယ်ဆေး ထိုးနှံပေးနိုင်မှု လူဦးရေ
- CARES ဒေတာဘေ့စ်၊ Missouri တက္ကသိုလ်။ အောက်ပါတို့အပါအဝင် ကန့်သတ်မထားသည့် မှီငြမ်းစရာများစွာမှ ဒေတာများကို စုစည်းရယူထားပါသည်-
    - အမေရိကန်ပြည်ထောင်စု သန်းခေါင်စာရင်းကောက်ယူမှု ဗျူရို
    - အမေရိကန် လူမှုအသိုင်းအဝိုင်း စစ်တမ်း (ACS)
    - ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေး စင်တာများ (CDC)
    - အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန (USDA)
    - သယ်ယူပို့ဆောင်ရေး ဌာန
    - ဖက်ဒရယ် စုံစမ်းစစ်ဆေးရေး ဗျူရို
- အပြုအမူပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်စေနိုင်သော အချက်အလက်များ စောင့်ကြည့်ရေး စနစ် (BRFSS 2021)
- လူငယ်များ၏ အန္တရာယ်ရှိသော အပြုအမူဆိုင်ရာ စစ်တမ်း
- Abenaki ဌာနေတိုင်းရင်းသားများအတွက် ကျန်းမာရေးတန်းတူညီမျှမှု- Maria Mercedes Avila၊ Christine Begay Vining၊ Joshuaa Allison-Burbank နှင့် Christine Velez တို့ ရေးသားပြုစုထားသော အရည်အသွေးမီ စိတ်ကျန်းမာရေးနှင့် အရက်/မူးယစ်ဆေးအလွဲသုံးစားမှု ဝန်ဆောင်မှုများအား ပိုမိုရရှိအသုံးပြုနိုင်ရေး